မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်း အတွဲ (၁၅) တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၅) ကို ယခင်က ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၄) ပါ အကြောင်းရပ်များနှင့်ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ် ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း ပါဝင်ပါသည်။

ဤကျမ်းသည် (၂၀၁၄) ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို (၂၀၁၅) ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။ (၂၀၁၅) ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၆) ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက် ဖော်ပြမည်ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီး သုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် (၂၀၁၄) ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ်၊ သတင်းလွှာများနှင့် ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ကမ္ဘာနှင့်မြန်မာ့ရုပ်မြင်သံကြားဖြစ်ပေါ်တိုးတက် ပြောင်းလဲလာခြင်း၊ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် ပျူရှေးဟောင်းမြို့တော်များနှင့် ပျူခေတ်ယဉ်ကျေးမှု၊ ၂၀၁၄ ခုနှစ် အာဆီယံ ဥက္ကဋ္ဌမြန်မာနိုင်ငံ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ ဆယ့်ငါးနှစ်ခရီး၊ မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုများနှင့် အလောင်းမင်းတရားကြီး၏ ရာဇသံရွှေပေစာ အကြောင်းအရာများကို စုစည်းဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်းဖြစ်ပါသည်။ တတိယပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် (၂၀၁၄) ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့်နိုင်ငံတကာအကြောင်းများ ဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ အက္ခရာစဉ် စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါအကြောင်းရပ်များကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်း ဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ နှစ်စဉ်ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များတွင် သက်ဆိုင်ရာ တစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှားသောပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်း ဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကိုပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကိုညွှန်းလျှင် စာအုပ်အမည် (ဥပမာ-စွယ်စုံနှစ်ချုပ် ၂၀၁၄) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်မှ (၂၀၁၄) ခုနှစ်ပါ အကြောင်းရပ်များ၊ ဆောင်းပါးများကိုညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။

# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၅)

## မာတိကာ


ဤကျမ်းကို မရှုစားမီ

**အပိုင်း (၁)**

၂၀၁၄ ခုနှစ် ဖြစ်ရပ်များ ၁

**အပိုင်း (၂)**

| | | | |
|---|---|---|---|
| ၁ | ကမ္ဘာနှင့်မြန်မာ့ရုပ်မြင်သံကြားဖြစ်ပေါ်တိုးတက် ပြောင်းလဲလာခြင်း | ဒေါက်တာခင်မောင်ညိုနှင့် မျိုးမြတ်သူ | ၁၀၇-၁၁၂ |
| ၂ | ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ပျူရှေးဟောင်း မြို့တော်များနှင့် ပျူခေတ်ယဉ်ကျေးမှု | ဦးစန်းဝင်း (ရှေးဟောင်းသုတေသန) | ၁၁၃-၁၂၂ |
| ၃ | ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌမြန်မာနိုင်ငံ | ဦးအောင်ထူး | ၁၂၃-၁၃၂ |
| ၄ | မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ ဆယ့်ငါးနှစ်ခရီး | ဒေါက်တာသိန်းမြင့် | ၁၃၃-၁၅၀ |
| ၅ | မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုများ | ဒေါက်တာဒေါ်ရင်ရင်နွယ် | ၁၅၁-၁၆၀ |
| ၆ | အလောင်းမင်းတရားကြီး၏ ရာဇသံရွှေပေစာ | ဒေါက်တာတိုးလှ | ၁၆၁-၁၆၈ |

**အပိုင်း (၃)**

၂၀၁၄ ခုနှစ်အကြောင်းရပ်များ (အက္ခရာစဉ်) ၁၇၀

အက္ခရာစဉ်အညွှန်း ၄၃၃